ひと、くらし、みらいのために 厚生労働省 Ministry of Health , Labour and Welfare

# မိဘတစ်ဦးတည်းရှိသောအိမ်ထောင်စုများအတွက်အထူးအရေးပေါ်ထောက်ပံ့ငွေလမ်းညွှန်ချက်

## မိဘတစ်ဦးတည်းရှိသောအိမ်ထောင်စုများကို အထောက်အကူပြုစေရန် ထောက်ပံ့ငွေပေးအပ်ပါမည်!

## 1． အခြေခံထောက်ပံ့ခြင်း

ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ငွေကို ရယူနေသော မိဘတစ်ဦးတည်းရှိသည့် အိမ်ထောင်စုများအတွက်ထောက်ပံ့ခြင်း※1

### ● ထောက်ပံ့ငွေရရှိရန်အကျုံးဝင်သူများ

■ အောက်ပါနံပါတ်(၁)မှ(၃)အတွင်း တစ်ခုခုနှင့် ကိုက်ညီသောသူ

① ၂၀၂၀ခုနှစ်၆လပိုင်းအတွက်ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ကြေးကို လက်ခံရသည့်သူ

② အစိုးရပင်စင်လစာအစရှိသည့်※2ကိုရယူနေလျက်၂၀၂၀ခုနှစ်၆လပိုင်းအတွက် ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ငွေ ပမာဏအားလုံးကို လုံးဝရပ်တန့်ခံလိုက်ရသူ※3

③ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုရောဂါ၏ ရိုက်ခတ်မှုကြောင့် အိမ်ထောင်စုဘဏ္ဍာရုတ်တရက် အခက်အခဲဖြစ်နေခြင်း စသည်တို့ကြောင့် ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ငွေရရှိထားသော သူများနှင့် ဝင်ငွေတူညီသောအဆင့်တွင်ရှိသူများ

※1 ကလေးထောက်ပံ့ခြင်းဆိုင်ရာဥပဒေတွင်သတ်မှတ်ထားသည့် 「ပြုစုပျိုးထောင်သူ」 များလည်း အကျုံးဝင်ပါသည်

※2 သေဆုံးသူ၏မိသားစုအတွက်ထောက်ပံ့ငွေ၊ ထိခိုက်ဒဏ်ရာရမှုထောက်ပံ့ငွေ၊ သက်ကြီးရွယ်အိုထောက်ပံ့ကြေး၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုနာမကျန်းဖြစ်မှုထောက်ပံ့ကြေး၊ သေဆုံးသူ၏မိသားစုအားပေးအပ်သောလျော်ကြေးအစရှိသည်

※3 ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ကြေး ရယူရန် ကိုက်ညီမှုရှိသည်ဟု သတ်မှတ်ခံထားရသူများသာမက ယခင်က ကလေးထောက်ပံ့ကြေးလျှောက်ထားပြီး၊ ၂၀၂၀ခုနှစ် ၆လပိုင်းအတွက်ကလေးထောက်ပံ့ကြေးကို ပမာဏအားလုံး (သို့) တစိတ်တပိုင်း ရပ်တန့်ခြင်းခံလိုက်ရသည်ဆိုသူများ လည်းပါဝင်သည်

### ● ထောက်ပံငွေပမာဏ

အိမ်ထောင်စုတစ်စုလျှင်ယန်း(၅)သောင်း၊ ဒုတိယကလေးမှစတင်ကာ တစ်ယောက်လျှင်ယန်း(၃)သောင်း

## 2． ထပ်ဆောင်းထောက်ပံ့ငွေ

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုရောဂါ၏ ရိုက်ခတ်မှုကြောင့် အိမ်ထောင်စုဘဏ္ဍာ ရုတ်တရက်အခက်အခဲဖြစ်ကာ ဝင်ငွေကျဆင်းနေသူများအတွက် ထောက်ပံ့ငွေ

### ● ထောက်ပံ့ငွေအတွက်အကျုံးဝင်သူ

အပေါ်ရှိအခြေခံထောက်ပံငွေ၏①(သို့)②နှင့်ကိုက်ညီသူထဲတွင် ကိုရိုနာကူးစက်မှုရောဂါ၏ ရိုက်ခတ်မှုကြောင့် အိမ်ထောင်စုဘဏ္ဍာ ရုတ်တရက်အခက်အခဲဖြစ်ကာ ဝင်ငွေကျဆင်းနေသူများ

### ● ထပ်ဆောင်းထောက်ပံ့ငွေ

တစ်အိမ်ထောင်လျှင်ယန်း(၅)သောင်း

လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍နောက်ကျောတွင်ဆက်လက်ဖော်ပြပါမည်။သေချာပေါက်စစ်ဆေးပါ။

# ထောက်ပံ့ငွေပေးအပ်ခြင်းလုပ်ထုံးလုပ်နည်း

## ၂၀၂၀ခုနှစ်ဇူလိုင်းအတွက်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ငွေ ပေးအပ်ခံရသူ (စာမျက်နှာ1. ①နှင့်ကိုက်ညီသူ)

▶အခြေခံထောက်ပံ့ငွေသည်လျှောက်ထားရန်မလိုပါ။
▶ဇူလိုင်းလောက်တွင်၂၀၂၀ခုနှစ်ဇူလိုင်းအတွက်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ငွေ ပေးအပ်သောဘဏ်အကောင့်ဆီ ငွေလွှဲမည်။

**【သတိထားပါ】**
※ ထောက်ပံ့ငွေကိုမရယူလိုပါက အကြောင်းကြားစာကိုပြန်ပို့ပါ။
※ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ငွေ ပေးအပ်ရန်အတွက်ဟု သတ်မှတ်ထားသော ဘဏ်အကောင့်၏စာချုပ်ဖျက်ထားခြင်းစသည်တို့ကြောင့် ထောက်ပံ့ငွေပေးအပ်ရန် အခက်အခဲရှိပါက ငွေလွှဲရန်ဘဏ်အကောင့်ကိုပြောင်းလဲခြင်း အစရှိသည့်တို့ကို ပြုလုပ်ထားပေးရန်တောင်းဆိုပါသည်

▶ ထပ်ဆောင်းထောက်ပံ့ငွေသည်လျှောက်ထားရန်လိုအပ်ပါသည်
▶ ပုံမှန်လက်ရှိအခြေအနေစစ်ဆေးသောအချိန် (ဇူလိုင်း) အစရှိသည်နှင့်စုပေါင်း၍ ဝင်ငွေလျော့နည်းနေသောအကြောင်းအရာလျှောက်ထားခြင်းကိုလွယ်ကူသောနည်းလမ်းဖြင့်လျှောက်ထားစေပါမည်။လျှောက်ထားသောအကြောင်းအရာကိုစစ်ဆေးအတည်ပြုကာ တတ်နိုင်သရွေ့မြန်မြန်ငွေလွှဲပါမည်။

## အထက်ပါအကြောင်းအရာနှင့်မသက်ဆိုင်သူများ (စာမျက်နှာပါ1. ②、③နှင့်ကိုက်ညီသူ)

▶ အခြေခံထောက်ပံ့ငွေ・ထပ်ဆောင်းထောက်ပံ့ငွေ(1.②သာလျှင်)ကိုအတူတကွလျှောက်ထားရန်လိုအပ်သည်
▶ လျှောက်လွှာတွင်ငွေလွှဲရမည့်ဘဏ်အကောင့်အစရှိသည်ကိုဖြည့်သွင်းကာ၊လိုအပ်သောစာရွက်စာတမ်းတို့နှင့်အတူ နေအိမ်ရှိရာဒေသတွင်း ဒေသန္တရကိုယ်ထူကိုယ်ထအဖွဲ့၏ ကောင်တာတွင်တိုက်ရိုက် (သို့) စာတိုက်မှပို့ခြင်း ဖြင့်လျှောက်ထားပါ။
▶ ထောက်ပံ့ငွေပေးအပ်ခြင်းဆိုင်ရာလိုအပ်ချက်နှင့်ကိုက်ညီသူအား လျှောက်ထားသောအကြောင်းအရာကို အတည်ပြုစစ်ဆေးကာ သတ်မှတ်ထားသောဘဏ်အကောင့်သို့ တတ်နိုင်သရွေ့မြန်မြန် ငွေလွှဲပါမည်။

မိဘတစ်ဦးတည်းရှိသောအိမ်ထောင်စု

(1)ထောက်ပံ့ငွေလျှောက်ထားမှုလုပ်ထုံးလုပ်နည်း →
① နေအိမ်ရှိရာဒေသတွင်း ဒေသန္တရကိုယ်ထူကိုယ်ထအဖွဲ့၏ ကောင်တာတွင်တိုက်ရိုက်(သို့) စာတိုက်မှလျှောက်ထားပါ။

← (2)ငွေလွှဲရန်သတ်မှတ်ထားသောဘဏ်အကောင့်ထဲသို့ငွေလွှဲခြင်း
②လျှောက်ထားလိုက်သောလျှောက်လွှာမှ ထောက်ပံ့ငွေပေးအပ်ခြင်းလိုအပ်ချက်များနှင့်ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်ပြီးသည့်နောက် ငွေလွှဲပေးပါမည်။

နေအိမ်ရှိရာဒေသတွင်းဒေသန္တရကိုယ်ထူကိုယ်ထအဖွဲ့

## စုံစမ်းမေးမြန်းရန်

「မိဘတစ်ဦးတည်းရှိသောအိမ်ထောင်စုများအတွက်အထူးအရေးပေါ်ထောက်ပံ့ငွေ」Call Centre
0120-400-903 (လက်ခံချိန် ရုံးဖွင့်ရက်9:00～18:00)
○လျှောက်ထားခြင်းဆိုင်ရာအသေးစိတ်နှင့်ပတ်သက်၍ နေအိမ်ရှိရာမြို့ရွာရပ်ကွက်၏
「မိဘတစ်ဦးတည်းရှိသောအိမ်ထောင်စုများအတွက်အထူးအရေးပေါ်ထောက်ပံ့ငွေ」တာဝန်ခံဌာနတွင်စုံစမ်းမေးမြန်းပါ။

「မိဘတစ်ဦးတည်းရှိသောအိမ်ထောင်စုများအတွက်အထူးအရေးပေါ်ထောက်ပံ့ငွေ」နှင့်ပတ်သက်၍
**"ငွေလွှဲခိုင်းခြင်းလိမ်လည်မှု"နှင့်"ကိုယ်ရေးကိုယ်တာသတင်းအချက်အလက်လိမ်လည်မှု"တို့ကိုသတိထားပါ။**
နေအိမ်နှင့်အလုပ်ခွင်အစရှိသည်တို့တွင်ပြည်နယ်နှင့်တိုင်း・မြို့ရွာရပ်ကွက်၊ ကျန်းမာရေးနှင့်အလုပ်သမားဝန်ကြီးဌာန(တို့၏ဝန်ထမ်း)တို့အားဖြေကြားလိုက်သော မသင်္ကာစရာဖုန်းနှင့်စာတိုက်မေးလ်ပါက နေအိမ်ရှိရာမြို့ရွာရပ်ကွက်နှင့်အနီးဆုံးရဲစခန်း(သို့မဟုတ်ရဲစခန်းအားတိုင်ပင်ရန်အဓိကဖုန်း(#9110)) အားဆက်သွယ်အကြောင်းကြားပါ။